# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 15, 2024 — Volume 81, Number 11


## မွန်ပြည်နယ်တွင် ဆားထုတ်လုပ်မှုဧက ၄၇၀၀ မှ ဆားတန်ချိန် ၄၅,၀၀၀ ကျော်ထွက်ရှိ



မွန်ပြည်နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ်၌ ဆားထုတ်လုပ်မှုဧက ၄၇၀၀ မှ ဆားတန်ချိန် ၄၅,၀၀၀ ကျော်ထွက်ရှိကာ ပြည်တွင်းဆား စားသုံးမှုလုံလောက်စွာရရှိသည့်အပြင် ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ်တွင် ဆားထုတ်လုပ်မှုရာသီသည် နှစ်စဉ်ဒီဇင်ဘာလမှစတင်၍ ဧပြီလတွင် မိုးရွာသွန်းပါက ခေတ္တရပ်နားကာ မိုးရွာသွန်းမှုမရှိပါက မေလကုန်အထိ လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဆားများကို ပင်လယ်အငွေ့ပြန်ခြင်းစနစ်ဖြင့် ထုတ်လုပ်ကြရာ ပင်လယ်နှင့်ဆက်စပ်လျက်ရှိသည့် သံဖြူဇရပ်၊ ရေး၊ ပေါင်မြို့နယ်တို့တွင် လုပ်ကိုင်ကြသည်။ မွန်ပြည်နယ်မှထွက်ရှိသည့် ဆားများကို ပြည်တွင်းရှိ မွန်၊ ကရင်၊ တနင်္သာရီနှင့် မန္တလေးသို့ တင်ပို့ရောင်းချလျက်ရှိရာ ပြည်နယ်အတွင်း ဆားလုပ်ငန်းရှင် ၉၀ ဦး ဆားထုတ်လုပ်သည်။ ဆားများကို နိုင်ငံတကာဈေးကွက်အထိ တင်ပို့နိုင်ပါက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလာမည့်အပြင် နိုင်ငံခြားဝင်ငွေများလည်းရရှိစေမည်ဖြစ်သည်။

မွန်ပြည်နယ်တွင် ယခုနှစ်ဆားထုတ်လုပ်ရာသီ၌ ဆားကွင်းပေါင်း ၉၀၊ ဆားထုတ်လုပ်သည့်ဧက ၄၇၀၀ မှ ဆားတန်ချိန် ၄၇,၀၀၀ ခန့်ထွက်ရှိရန် မျှော်မှန်းထားသော်လည်း မိုးများရွာသွန်းမှုကြောင့် ၄၅,၀၀၀ ကျော်သာ ထွက်ရှိခဲ့ကြောင်းသိရသည်။

**Source:** https://www.doca.gov.mm

၁၅.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၆၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၃.၅ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၉၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၂.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၈၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၈၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မကွေးတိုင်းဒေသကြီး၏ နှမ်းနှင့်ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်အခြေအနေ



မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များ ဖြစ်သော ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲနှင့်ပဲမျိုးစုံစသည့် သီးနှံများ စိုက်ပျိုးထွက်ရှိသော ဒေသတစ်ခုဖြစ်ပြီး တိုင်းဒေသကြီး အတွင်း မြို့များရှိ ကုန်စည်ဒိုင်နှင့်ပွဲရုံများတွင် နေ့စဉ်အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

နှမ်းသီးနှံမှာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ပထမပတ်တွင် နှမ်း (နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းနက်(စမုန်)၊ နှမ်းညိုကြား စုစုပေါင်းတန်ချိန် ၄၈၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးနှုန်းအနေဖြင့် နှမ်းဖြူတစ်ပိဿာလျှင် ကျပ် ၉၂၀၀-၁၀,၅၀၀၊ နှမ်းနီတစ်ပိဿာလျှင် ကျပ် ၈၈၅၀-၉၀၀၀၊ နှမ်းနက်(စမုန်) တစ်ပိဿာလျှင် ကျပ် ၁၂,၅၀၀-၁၃,၅၀၀နှင့် နှမ်းညိုကြားတစ်ပိဿာလျှင် ကျပ် ၈၂၀၀-၈၅၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုအနေဖြင့် ရန်ကုန်နှင့်မန္တလေးသို့ တင်ပို့ရောင်းချကြပြီး ပြည်ပဈေးကွက်အနေဖြင့် ဂျပန်နိုင်ငံနှင့်ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

ပဲမျိုးစုံအနေဖြင့် ဩဂုတ်လပထမပတ်တွင် မြေပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲစင်းငုံနီ၊ မတ်ပဲ၊ စားတော်ပဲ၊ ထောပတ်ပဲ စုစုပေါင်း တန်ချိန် ၇၃၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးနှုန်းအနေဖြင့် မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၇၈၀၀-၈၀၀၀၊ ပဲတီစိမ်း တစ်ပိဿာလျှင် ကျပ် ၃၀၀၀-၃၃၀၀၊ ကုလားပဲ(HL) တစ်ပိဿာလျှင် ကျပ် ၄၃၂၀-၄၃၅၀၊ ကုလားပဲ(929) တစ်ပိဿာလျှင် ကျပ် ၄၃၇၀-၄၄၀၀၊ ပဲစင်းငုံနီတစ်ပိဿာလျှင် ၆၆၅၀-၆၈၅၀၊ မတ်ပဲ တစ်ပိဿာလျှင် ကျပ် ၅၂၅၀-၅၄၅၀၊ စားတော်ပဲတစ်ပိဿာလျှင် ကျပ် ၅၇၅၀-၅၉၅၀၊ ထောပတ်ပဲတစ်ပိဿာလျှင် ကျပ် ၆၈၄၀-၇၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု အနေဖြင့် မန္တလေးနှင့်ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်သို့တင်ပို့ရောင်းချပြီး ပြည်ပဈေးကွက်အနေဖြင့် ပဲစင်းငုံနှင့်မတ်ပဲကို အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

**Source: https://www.doca.gov.mm**

## BYD ကုမ္ပဏီက ဗီယက်နမ်နိုင်ငံကို အရှေ့တောင်အာရှတွင် အဓိကဈေးကွက်အဖြစ် ရှုမြင်




တရုတ်နိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်သည့် BYD သည် ဗီယက်နမ်နိုင်ငံအား ၎င်းတို့၏ အရှေ့တောင်အာရှတွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကဈေးကွက်တစ်ခုအဖြစ် ရွေးချယ်ထားကြောင်း BYD Auto Vietnem ၏ CEO ဖြစ်သူ Vo Minh Luc ကပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးမားဆုံးလျှပ်စစ်ကား ထုတ်လုပ်သူသည် ဗီယက်နမ်နိုင်ငံတွင် ၎င်းတို့၏ အဆင့်မြင့်လျှပ်စစ်ကား မော်ဒယ်များကို တရားဝင်မိတ်ဆက်ခဲ့ပြီး ဈေးကွက်အတွင်း ၎င်းတို့၏ မဟာဗျူဟာကို ကြေညာခဲ့သည်။ ဗီယက်နမ်သတင်းအေဂျင်စီနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးတွင် Luc က ကမ္ဘာ့အကြီးမားဆုံး စွမ်းအင်သစ်မော်တော်ယာဉ်ထုတ်လုပ်သူ BYD သည် ကျယ်ပြန့်သည့်နည်းပညာများကို ပိုင်ဆိုင်ထားပြီး နိုင်ငံနှင့်နယ်ပယ် ၈၀ ကျော်တွင် စီးပွားရေးလုပ်ငန်းများ အကောင်အထည် ဖော်ခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါအရေအတွက်သည် အနာဂတ်တွင် ဆက်လက်မြင့်တက်ရန် မျှော်လင့်ကြောင်းပြောကြားခဲ့သည်။ ထို့ပြင် Luc က BYD သည် ဗီယက်နမ်ကို ဒေသအတွင်း အဓိကဈေးကွက်နှင့် နောက်ဆုံးဈေးကွက်ဟု ယူဆလျက်ရှိကြောင်း လူဦးရေသန်း ၁၀၀ ကျော်ရှိသည့်အတွက် ခိုင်မာသည့် ဈေးကွက်တစ်ခုဖြစ်ကြောင်း တည်ငြိမ်မှုရှိသည့် မြင့်မားသော GDP ကြီးထွားမှုရှိကြောင်းနှင့် အခြေခံ အဆောက်အအုံတိုးတက်မှုအတွက် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ Luc ၏ အဆိုအရ ဗီယက်နမ်ဈေးကွက်သည် အလွန်အရှိန်အဟုန်မြင့်ပြီး ကြီးမားသည့် အလားအလာ ရှိကြောင်းသိရသည်။ Luc က BYD သည် ထုတ်ကုန်သစ်များကို သုံးစွဲသူများထံ ဆက်လက်မိတ်ဆက်ပေးပြီး ရွေးချယ်စရာ များပြားအောင် ပံ့ပိုးပေးမည်ဖြစ်ပြီး အစိမ်းရောင်နှင့် စံပြပြောင်းလဲမှု၊ စွမ်းအင်ချွေတာရေး ရည်မှန်းချက်ပြည့်မီစေရေးနှင့် ဗီယက်နမ်တွင် ကာဗွန်ထုတ်လွှင့်မှုလျှော့ချခြင်းတို့တွင် ပံ့ပိုးမြှင့်တင်သွားမည်ဟု ပြောကြားခဲ့သည်။ ဇူလိုင်လ ၁၈ ရက်တွင် BYD

DOLPHIN ၊ BYD ATTO 3 နှင့် BYD SEAl ဟု အမည်ရသည့် အမျိုးအစားသုံးမျိုးကို မိတ်ဆက်ခဲ့ပြီး ဈေးနှုန်းများမှ အမေရိကန်ဒေါ်လာ ၂၆ဝ၇ မှ စတင်ကြောင်းသိရသည်။ BYD အာရှပစိဖိတ်ကားအရောင်းဌာန၏ အထွေထွေမန်နေဂျာဖြစ်သူ Lue Xueliang က BYD အနေနှင့် ဗီယက်နမ်တွင် တရားဝင်ကားအရောင်းပြခန်း ၁၀ ခု ဖွင့်လှစ်ရန် စီစဉ်ထားပြီး ၃ နှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအနေနှင့် အခု ၁၀၀ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် BYD သုံးစွဲသူများအား အထူးမက်လုံးပေးရန်နှင့် ချေးငွေပံ့ပိုးသည့် အစီအစဉ်ဆောင်ရွက်ရန်အတွက် ဘဏ် ၃ ခုနှင့် အာမခံကုမ္ပဏီ ၄ ခုတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးထားကြောင်းသိရသည်။ ဘက်ထရီအားသွင်းသည့် လုပ်ငန်း ၁၀ ခုနှင့်လည်း ဗီယက်နမ်တွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားပြီး မိတ်ဖက်အသစ်များကို တက်ကြွစွာရှာဖွေလျက်ရှိကာ ဗီယက်နမ်တွင် စွမ်းအင်သစ်လုပ်ငန်းနယ်ပယ်မြှင့်တင်ကြေညာခြင်းနှင့် နိုင်ငံ၏အစိမ်းရောင်စီးပွားရေးတို့တွင် ပူးပေါင်းပါဝင်ရန် ရည်ရွယ်လျက်ရှိကြောင်း သိရသည်။

**Source : Vietnam Plus**

**DOCA(ရန်ကုန်)**

## ၂၀၂၄ ခုနှစ်၏ ခြောက်လတာတွင် ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ဆန်တင်သွင်းရန်အတွက် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံသုံးစွဲခဲ့

ဆန်သည် ၂၀၂၄ ခုနှစ်၊ ပထမခြောက်လအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့မှု တန်ဖိုးအမြင့်ဆုံးသော ဗီယက်နမ်ထုတ်ကုန်ဖြစ်ခဲ့ပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံဖြင့် ယမန်နှစ် အလားတူကာလကထက် ၄၁ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ဆန်သည် ဖိလစ်ပိုင်နိုင်ငံတွင် နှစ်ပေါင်းများစွာ ဈေးကွက်ကိုဦးဆောင်နေကြောင်း ဖိလစ်ပိုင်နိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံး၏ အချက်အလက်များအရ သိရသည်။

ဇွန်လတွင် ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၈ ခုနှစ်အထိ ဆန်တင်သွင်းခွန်များအား ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပြီး သွင်းကုန်ပမာဏတန်ချိန် ၄ သန်းမှ ၄ ဒသမ ၅ သန်းထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားကြသည်။ ထိုသို့ ဆန်တင်သွင်းမှုအခွင့်အလမ်းများတိုးလာသော်လည်း သွင်းအားစုဈေးနှုန်းများကြီးမြင့်မှုနှင့် ဆန်ထောက်ပံ့မှု အားလျော့နည်းသွားစေနိုင်သည့် မုန်တိုင်းသက်ရောက်မှုတို့ကြောင့် စီးပွားရေးလုပ်ငန်း အများအပြားက သတိထားနေကြဆဲဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်မှုရုံးမှ စီးပွားရေးလုပ်ငန်းများသည် အပြိုင်အဆိုင်ဈေးနှုန်းများ ပေးဆောင်ရန်နှင့် ဈေးကွက်ဝေစုကို ထိန်းသိမ်းရန် ကုန်ကျစရိတ်များကို သင့်တင့်မျှတမှုရှိအောင်ပြုလုပ်ရန် လိုအပ်ကြောင်း အကြံပြုထားသည်။ တစ်ချိန်တည်းမှာပင် စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သံရုံးနှင့်ဗီယက်နမ်ကုန်သွယ်ရေးရုံးတို့ကလည်း ကုန်သွယ်မှုမြှင့်တင်ရေး၊ ပို့ကုန်တန်ဖိုးမြှင့်တင်ရေးနှင့် ထုတ်ကုန်အရည်အသွေး မြှင့်တင်ရေးတို့ကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းသိရသည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၃ သန်းကျော်တင်ပို့ခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။ သို့သော်လည်း ဈေးနှုန်းများမြင့်တက်လာမှုကြောင့် ပို့ကုန်တန်ဖိုးသည် ဒေါ်လာ ၁ ဒသမ ၇၅ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၇ ဒသမ ၆ ရာခိုင်နှုန်း တိုးလာခဲ့သည်။

**Source : vnexpress**

https://www.doca.gov.mm

## တောင်ကိုရီးယားနိုင်ငံမှ ချစ်ပ်များနှင့် ကားတင်ပို့မှုသည် စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၃၀ ရာခိုင်နှုန်းကျော်အထိ ရှိလာ

၂၀၂၄ ခုနှစ်၊ ဒုတိယ သုံးလပတ်ကာလတွင် တောင်ကိုရီးယားနိုင်ငံမှ ချစ်ပ်ပြားများနှင့် ကားတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၃ ဘီလီယံရရှိခဲ့သဖြင့် နိုင်ငံ၏စုစုပေါင်း ပို့ကုန်တင်ပို့မှုဝင်ငွေ၏ ၃၁ ဒသမ ၇ ရာခိုင်နှုန်းကျော် အထိရှိသည်ဟု ကိုရီးယားအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအသင်းအဖွဲ့ (Korea International Trade Association-KITA) က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ကာလအတွင်း ချစ်ပ်ပြားများ တင်ပို့မှုမှ ဝင်ငွေရရှိမှုသည် စုစုပေါင်းတင်ပို့မှုဝင်ငွေ၏ ၂၀ ဒသမ ၃ ရာခိုင်နှုန်းအထိရှိပြီး ကားတင်ပို့မှုမှဝင်ငွေသည်လည်း စုစုပေါင်း တင်ပို့မှုဝင်ငွေ၏ ၁၁ ဒသမ ၄ ရာခိုင်နှုန်းရှိသည်ဟု ၁၁-၈-၂၀၂၄ ရက်တွင် KITA က သတင်းထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ပထမ သုံးလပတ်ကာလအတွင်း တောင်ကိုရီးယားနိုင်ငံမှ

ချစ်ပ်ပြားများနှင့် ကားတင်ပို့မှုဝင်ငွေသည် နိုင်ငံ၏ စုစုပေါင်းပို့ကုန် တင်ပို့မှုဝင်ငွေ၏ ၂၉ ဒသမ ၇ ရာခိုင်နှုန်းသာရှိခဲ့သဖြင့် ၂၀၂၄ ခုနှစ်၊ ဒုတိယသုံးလပတ်ကာလတွင် အဆိုပါကုန်စည်များ ပိုမိုတင်ပို့နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်ဟု KITA က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဒုတိယသုံးလပတ်ကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ ချစ်ပ်ပြားများကို ပြည်ပမှဝယ်လိုအားကောင်းလာသည့်အပြင် ပျမ်းမျှရောင်းဈေးလည်း မြင့်မားလာခဲ့ကြောင်း၊ AI Processors များအတွက် ရည်ရွယ်ထုတ်လုပ်သော မှတ်ဉာဏ်ချစ်ပ်ပြားများကိုလည်း တင်ပို့ရမှုမြင့်မားလာကြောင်း၊ သို့ဖြစ်၍ ၎င်းချစ်ပ်ပြားများထုတ်လုပ်သည့် Samsung Electronics နှင့် SK hynix တို့၏ ဝင်ငွေမြင့်မားလာသည့်အပြင် ရှယ်ယာတန်ဖိုးများ မြင့်မားလာကြောင်းနှင့် ဆက်လက်၍လည်း ခေတ်ရေစီးကြောင်းနှင့်အညီ ဖြစ်ပြီး မှတ်ဉာဏ်ချစ်ပ်ပြားများကို ဝယ်လိုအားပုံမှန်ရှိလာနိုင်ကြောင်း KITA က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဒုတိယသုံးလပတ်ကာလအတွင်း EV ကားများကို ကမ္ဘာ့ဝယ်လိုအားနည်းလာသဖြင့် ကားတင်ပို့မှု နှေးကွေးလာကြောင်း၊ သို့သော် ကားတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅ ဘီလီယံ ရရှိခဲ့သည့်အတွက် ဝင်ငွေအရ တိုးတက်ခဲ့ကြောင်း၊ EV ကားများကို ကမ္ဘာ့ဝယ်လိုအား နည်းလာသော်လည်း Hybrid Vehicles နှင့် SUVs ကားများကို မြောက်အမေရိကတိုက်တွင် ဝယ်လိုအားပုံမှန်ရှိနေကြောင်း၊ သို့သော် ပြည်တွင်းရှိ ကားလုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှ ကားတင်ပို့သူများနှင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်ရမှုမြင့်မားလာသည့်အပြင် ပြည်တွင်းအတိုးနှုန်း မြင့်မားခြင်းတို့ကို ရင်ဆိုင်နေရသည့်အတွက် ၂၀၂၄ ခုနှစ်၊ ဒုတိယနှစ်ဝက်ကာလအတွင်း ကားတင်ပို့မှုကို ဆက်လက်ထိန်းထားနိုင်ခြင်း ရှိ/မရှိအပေါ် စိတ်ဝင်စားစွာ စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ပထမနှစ်ဝက်ကာလအတွင်း ကားတင်ပို့မှုသည် အစီးရေ ၁ ဒသမ ၆၇ သန်းရှိခဲ့ရာ ယခင်နှစ် အလားတူကာလက တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင်လည်း ၁ ရာခိုင်နှုန်းသာတိုးတက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင်လည်း ကားအစီးရေ ၁၉၉,၀၁၈ စီးသာ တင်ပို့ခဲ့ရသည့်အတွက် ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း တင်ပို့ခဲ့ရသည့် ပမာဏထက် ၂၁ ဒသမ ၁ ရာခိုင်နှုန်းလျော့နည်းခဲ့သည့်အပြင် ယခင်နှစ် အလားတူကာလက တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင်လည်း ၁၃ ဒသမ ၄ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း ကိုရီးယားကားနှင့်ရွေ့လျားသွားလာမှုဆိုင်ရာအသင်း (Korea Automobile & Mobility Association) က ပြောကြားခဲ့သည်။

**Source:** https://www.koreatimes.co.kr/www/tech/2024/08/129_380349.html

**ဒေါ်ပပ၊ စီးပွားရေးသံမှူး၊ ဆိုလ်းမြို့။**

https://myantrade.gov.mm/

## STOCK EXCHANGE (15.8.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 24,932 (Shares) | 91,369,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,100 | 9,100 | 9,100 | 62 | 564,200 | 33,109,694 | 301,298 |
| MTSH | 00002 | 3,450 | +100 | +2.99% | 3,400 | 3,450 | 3,400 | 8,358 | 28,818,900 | 38,929,150 | 134,306 |
| MCB | 00003 | 8,700 | +200 | +2.35% | 8,600 | 8,700 | 8,600 | 2,113 | 18,181,800 | 10,400,986 | 90,489 |
| FPB | 00004 | 1,750 | -50 | -2.78% | 1,800 | 1,800 | 1,750 | 1,993 | 3,489,100 | 29,664,613 | 51,913 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 343 | 960,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,560 | 2,705,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 0 | 0 | 10,497,598 | 48,289 |
| MAEX | 00008 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 503 | 1,649,900 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 15th Aug. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.63 | +1.75 | +0.43% | 409.91 | 411.50 | 409.55 | 14,932 | 56,369,300 | 8 | 774,526 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 15th Aug. 2024

| Trading Volume | Trading Value |
|---|---|
| 25,184 (Shares) | 97,091,300 (MMK) |

## Main Board

As of 1:00 pm, 15th Aug. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 24,932 (Shares) | 91,369,300 (MMK) |

| MYANPIX | 410.63 ▲ 1.75 |
|---|---|
| Total Volume (shares) | 14,932 |
| Total Value (MMK) | 56 mil |
| Listed Company | 8 |
| Market Cap. (MMK) | 774,526 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,450 | ▲ 100 |
| MCB | 00003 | 8,700 | ▲ 200 |
| FPB | 00004 | 1,750 | ▼ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |